ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်
FIRST PRIVATE BANK LIMITED
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095 1 376 451 ~ 452 / 378 268 ~ 269. 095 1 251 748 ~ 749 / 246 786.
FAX : 095 -1- 242 320 / 250 148 / 251 747.
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com; hofirst.private@gmail.com fpbbank@myanmar.com.mm

# ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အမြတ်ရရှိနိုင်စွမ်း(Profitability)ပိုမိုကောင်းမွန်လာစေရန် ဘဏ်ခွဲငယ်(Mini Bank)(၂)ခုအား ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်

၁။ (၂၆-၅-၂၀၁၉)နေ့တွင်ပြုလုပ်သော ၅/၂၀၁၉ ကြိမ်မြောက်ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ ဘဏ်ခွဲငယ်(Mini Bank)များ ဖြစ်သော

(၁) သဃ်န်းကျွန်းဘဏ်ခွဲငယ်(Mini Bank)၊ အခန်းအမှတ်-(၁၉-၂၀)၊ AKK Shopping Centre ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(၂) မကွေးဘဏ်ခွဲငယ်(Mini Bank)၊ မင်းကန်ကြီးရပ်၊ အဆင့်မြင့်ဈေးကြီး(ပထမထပ်)၊ မကွေးမြို့။

တို့ကို (၁-၈-၂၀၁၉)နေ့မှစ၍ ပိတ်သိမ်းရန်ဆုံးဖြတ်ခဲ့ပါသည်။

## ၂။ ဘဏ်ခွဲငယ်(Mini Bank) များပိတ်သိမ်းရသည့်အကြောင်းရင်း

(၁) သဃ်န်းကျွန်းဘဏ်ခွဲငယ်မှာ ငှားရမ်းဖွင့်လှစ်ထားသော(AKK Shopping Centre) အဆောက်အဦကို ကုမ္ပဏီမှအကြီးစားပြင်ဆင်မှုများပြုလုပ်မည်ဖြစ်၍ ဘဏ်ခွဲနေရာရွှေ့ပြောင်းပေးရမည်ဖြစ်ရာ ငှားရမ်းခစရိတ် တိုးမြင့်ကုန်ကျပြီး အရှုံးပိုလာနိုင်၍ ပိတ်သိမ်းရခြင်းဖြစ်ပါသည်။

(၂) မကွေးဘဏ်ခွဲငယ်သည် မကွေးမြို့၊ မင်းကန်ကြီးရပ်၊ အဆင့်မြင့်ဈေးကြီး(ပထမထပ်) နေရာတွင် ဖွင့်လှစ်ထားပြီး၊ ယင်းအဆောက်အဦရှိဈေးဆိုင်ခန်းများမှာ အရောင်းအဝယ်မဖြစ်သည့်အတွက် ပိတ်သွားသဖြင့် ဘဏ်ဖောက်သည်များ လာရောက်ခြင်းမရှိသည့်အပြင် ဘဏ်လုံခြုံရေးအတွက်စိုးရိမ်ရ၍ ပိတ်သိမ်းခြင်းဖြစ်ပါသည်။

(၃) အထက်ပါဘဏ်ခွဲငယ်(၂)ခုကိုပိတ်သိမ်းခြင်းဖြင့် အရှုံးလျော့ပြီး အမြတ်ရရှိနိုင်မှုပိုမိုကောင်းမွန်လာမည်ဟု ဒါရိုက်တာအဖွဲ့မှထင်မြင်ယူဆပါသည်။ ပထမပုဂ္ဂလိကဘဏ်အနေနှင့် အခြားသင့်တော်သည့်နေရာများတွင် ဘဏ်ခွဲအသစ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမိန့်အရ

(မြင့်ဇော်)
အမှုဆောင်အရာရှိချုပ်
ပထမပုဂ္ဂလိကဘဏ်လီမိတက်